# အမှာ

၂၀ဝ၆ ခုနှစ်အတွင်း မိမိသည် အင်တာနက်လူမှုကွန်ရက်စာမျက်နှာများတွင် လွမ်းရစ်စေသောနေ့များ ညများ ဘဝပေါင်းများစွာရေးဖြစ်ခဲ့ပြီး ၂၀ဝ၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရွှေနဒီစာပေမှ စာအုပ်အဖြစ်လည်းထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ထိုစာအုပ်ပါ အကြောင်းအရာများသည် မိမိဘဝအစိတ်အပိုင်းလည်းဖြစ်ပါသည်။ ထို့အတူ မိမိဖြတ်သန်းလာခဲ့သော သမိုင်းခေတ်ကာလ၏နိုင်ငံရေးနောက်ခံ အခြေအနေအောက်တွင် မိမိနှင့် မိမိသူငယ်ချင်းများ မိတ်ဆွေများ ရဲဘော်များ မိမိထိတွေ့ခဲ့ရသူများ၏ လှုပ်ရှားရုန်းကန်ခဲ့မှုနှင့် သူတို့၏အမြင်အယူအဆများကို ရသပုံစံဖြင့် ရင်းမှတ်တမ်းပုံစံဖြင့်ရင်းရေးသားပြီး တင်ပြခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါလွမ်းရစ်စေသော နေ့များညများဘဝပေါင်းများစွာ. . . . တွင် အထူးသဖြင့် ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်လာအထိ အချိန်အပိုင်းအခြားကာလအား ရေးသားဖော်ပြခဲ့ပါသည်။ ယခု ဆက်လက်ရေးသားဖော်ပြသည့် "နှင်းဆီနီနီ အိပ်မက်များ"သည် ၁၉၇၅ခုနှစ်မှ ၁၉၈၀ ခုနှစ်ကြား ကာလအပိုင်းအခြားကို ဆက်လက်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ ဆက်လက်ရေးသားခြင်းဖြစ်သော်လည်း "လွမ်းရစ်စေသော" ဒုတိယပိုင်းဖြစ်မလာဘဲ "နှင်းဆီနီနီ အိပ်မက်များ" ဟူ၍ ခေါင်းစဉ်ပြောင်းသွားရခြင်းမှာ မိမိအားလွှမ်းမိုးနေသည့်စာရေးဆရာနှင့် သူ၏စာအုပ်များကြောင့် ဖြစ်ပါသည်။

အမျိုးသားစာပေ(ဘာသာပြန်)ဆု ၅ ကြိမ်ရရှိခဲ့သော စာရေးဆရာကြီးဆရာဦးတင်မောင်မြင့်သည် မိမိထက် အသက် ၂၀ ခန့်ကြီးသော်လည်းမိမိနှင့်ရင်းနှီးသော မိတ်ဆွေဖြစ်ပါသည်။ ထို့ပြင် သူ၏ဘာသာပြန်စာအုပ်များကိုလည်း မိမိနှစ်သက်ခဲ့ပါသည်။ ဆရာဦးတင်မောင်မြင့်၏ ဘာသာပြန် လက်ရာများစွာထဲမှ အမေရိကန်တောင်ပိုင်းဝတ္ထု ရှည်ကြီးဖြစ်သည့် စာရေးဆရာမ ဂွမ်ဘရစ်စတို (Gwan Bristow) ရေးသားသည့် "နွေကန္တာဦး" (Deep summer) မြကျွဲပါလမ်း (Handsome Road)။ မဟာရုံထဲတိုင်းကိုကျော်ခြင်း ( This side of Glory) တို့သည် မိမိစွဲမက်ခဲ့သည့် စာအုပ်များ ဖြစ်ပါသည်။ အဆိုပါ နံမည် ၃ ခုနှင့်စာအုပ်များသည် တကယ်တော့ တအုပ်တည်းဟုလည်း ဆို၍ရပါသည်။ အမေရိကန်တောင်ပိုင်း၌ အခြေချခဲ့သည့် မိသားစုတစု၏မျိုးဆက် ၃ ဆက်အကြောင်းအား မျိုးဆက်တခုစီအား စာအုပ်တအုပ်စီအဖြစ် ရေးသားဖန်တီးထားခဲ့ခြင်းဖြစ်သည်။

မိမိကတော့ မျိုးဆက် ၃ ဆက်အကြောင်းရေးဖွဲ့ခြင်းတော့မဟုတ်ပါ။ မတူညီသော အချိန်ကာလအပိုင်းအခြားနှင့် ထိုကာလအပိုင်းအခြားအလိုက် ဖြတ်သန်းခဲ့သည့် အခြေအနေများ၊ လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်အတွေ့အကြုံများအား ရေးဖွဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိသည်လည်း မိမိနှစ်သက်ခဲ့ သော ဝတ္ထု ရှည်အား တုပ၍ အချိန်ကာလအပိုင်းအခြားအလိုက် စာအုပ်အား အမည်ပေးရန်စိတ်ကူးခဲ့ခြင်းဖြစ်ပါသည်။ ထို့အတူ တပိုင်းနှင့်တပိုင်းလည်း မတူညီသောအခြေအနေ ဖြတ်သန်းကျင်နှင့် အခြေအနေများရှိနေခြင်းကြောင့်လည်းဖြစ်ပါသည်။

သို့ဖြစ်ရာ "လွမ်းရစ်စေသောနေ့များ ညများဘဝပေါင်းများစွာ (၁၉၅၈-၁၉၇၅)" အဆက်ဖြစ်သည့် အရှေ့မြောက်တောင်တန်းများပေါ်မှ "နှင်းဆီနီနီ အိပ်မက်များ (၁၉၇၅-၁၉၈၀)" အား ဆက်လက်ဖော်ပြလိုက်ရပါသည်။

နှင်းဆီနီအိပ်မက်များ (၁၉၇၅-၁၉၈၀ ) မိမိတို့ ဖြတ်သန်းလာသည့် သမိုင်းကာလတခုကို ပြန်လည်ဖော်ပြခြင်းဖြစ်သော်လည်း အတိတ်၏လွမ်းမောရောသက်သက်ကို ပြန်လည် တမ်းတခြင်းမျိုးတော့မဟုတ်ပါ။ သမိုင်းကာလတခု၌ ဖြစ်တည်ခဲ့သော နိုင်ငံရေးအခြေအနေ သုံးသပ်ကြည့်မြင်ပုံများ၊ လှုပ်ရှားရုန်းကန်ခဲ့မှုများ၊ ဖွဲ့စည်းတည်ဆောက်ခဲ့ပုံများ၊ ပြင်းထန်သောစစ်ရေးတိုက်ပွဲများ၊ မြောက်မြားစွာသော အသက်သွေးချွေးများ၊ အမှားများ၊အမှန်များမှနေ၍ သင်ခန်းစာများစွာ ထုတ်နုတ်ယူကြည့်ခြင်းလည်းဖြစ်သည်။ ထို့အတူအရှေ့မြောက်နယ်စပ် တလျောက်ယနေ့တိုင်လှုပ်ရှားနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်တည်လာပုံများအားလည်း ဆက်စပ်စဉ်းစားသုံးသပ်နိုင်ရန် ရည်ရွယ်ပါသည်။

မျိုးဆက်သစ်လူငယ်များအနေနှင့် ယခင်ခေတ်လူများ၏ပုခုံးထက်မှနေ၍ ပို၍ဝေးဝေးကြည့်မြင်နိုင်ရန်မျှော်လင့်ပါသည်။

မောင်မောင်စိုး

မှတ်ချက်။ ။ဤစာအုပ်ပါအချက်များသည် မိမိနှင့်မိမိရဲဘော်များ မိတ်ဆွေများ ကိုယ်တိုင်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများ၊ CPB ပထိုစစ်တော်မှူးအဖွဲ့ဝင် ဗိုလ်ကျော်စော (ရဲဘော်သုံးကျိပ်)၏ မှတ်တမ်းများ CPB တပ်မှူးတစ်ဦးဖြစ်သူ ဗုန်ကြားဖူး၏မှတ်တမ်းများပေါ်တွင် အခြေပြုထားခြင်းဖြစ်သည်။